

# ကိုအောင်ချိုမိ့နှစ်များ

မြင့်ဆန်း

mgyoe.com SAMPLE BOOK




သူ့အနုပညာ ကဗျာတွေထက် လူသားဘဝ ကို ပိုမိုပေါ်လွင်အောင်သာ ပြောဆိုနိုင်မယ့် အရေးအသားများ ဖြစ်တယ်လို့လည်း အသိပေးပါရစေ။

မြင့်ဆန်း

8000 Ks
9 248050 632777

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၆၀၀

# ဂိုဏ်ဆောင်ထိပ်
# ပုဂ္ဂိုလ်များ

မြင့်ဆန်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၁၁ ၉၄၈၊ ၊ ၀၉ ၇၃၀ ၂၇၆၆၉၊ ၀၉ ၇၄၀ ၉၇ ၉၃၉၃

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ကိုအောင်ချိမ့် နှစ်များ

မြင့်ဆန်း

ပထမအကြိမ်၊ ဩဂုတ်၊ ၂၀၂၅။

အုပ်ရေ – ၅၀၀

တန်ဖိုး – ၈၀၀၀ ကျပ်

**ထုတ်ဝေသူ** – ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** – ဦးဇော်မြင့်ဝင်း (၀၀၁၄၂)၊ ကာလာဇုန် ပုံနှိပ် တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** – ပန်းချီ မုတ်သုံ၊ဒီဇိုင်း စိုးမင်းအောင်၊ **ကွန်ပျူတာစာစီ** – သရဖီ၊ **စာအုပ်ချုပ်** – ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

## ရှေးလူငယ် နှစ်ယောက်

၁၉၄၈ ခုနှစ်ဖွား အောင်ချိမ့်နှင့် ၁၉၅၈ ခုနှစ်ဖွား မောင်မြင့်ဆန်းမှာ အသက် ဆယ်နှစ်တိတိ ကွာသည်။ 'တိတိ'ဟူသော စကားလုံးကို သုံးရခြင်းမှာ သူတို့နှစ်ယောက်လုံးကို မေလ တစ်ရက် (မေဒေးနေ့) မွေးနေ့ချင်း တူနေသောကြောင့် ဖြစ်ပါသည်။

မွေးနေ့ချင်း တူနေသောကြောင့်လား မသိ။ အစ်ကိုကြီး (အောင်ချိမ့်) နှင့် မောင်ခက် (မြင့်ဆန်း) တို့မှာ တစ်ထပ်တည်း နီးပါး တူသော စရိုက်လက္ခဏာ များစွာ ရှိသည်။

ထို့အပြင် မွေးနေ့ချင်း တူနေသောကြောင့်ပင်လား မသိ။ သူတို့နှစ်ယောက်မှာ အံ့ဩဖွယ်ရာ လုံးဝ ဆန့်ကျင်သော စိတ်နေစိတ်ထားများလည်း ရှိနေကြပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ နှစ်ဦးလုံး၏ လုံးဝ တူညီသော သဘောထားက တော့ 'ပြင်းထန် ခိုင်မာသော ရဲဘော်ရဲဘက် ချစ်စိတ်'ဟု ဆိုရ ပါမည်။

သူတို့သည် လက်ဖက်ရည်တစ်ခွက် တစ်ကျပ် ခေတ်က လူငယ်များ ဖြစ်ကြ၏။

မောင်ပြည့်မင်း

၃၀၊ မေ၊ ၂၀၂၅။

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း ၁

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

**စတင်တွေ့ရသော ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်**

၁၉၇၆ ခုနှစ်၊ နှစ်ကုန်လ ဒီဇင်ဘာ။ ပြည်သူ့မုန့်တိုက် ပေါ်တီကိုအောက်မှာ ဆရာ ဓနုဖြူကျော်ထွန်းနဲ့အတူ ဖြတ်သွားကြစဉ်၊ ပေါ်တီကိုအောက် တစ်နေရာမှာ ရပ်စကားပြော နေကြတဲ့ အရပ်ရှည်ရှည်၊ ဆံပင်ရှည်ရှည်၊ ဘောင်းဘီရှည် ဝတ်ထားကြသူ နှစ်ဦးကို မြင်တွေ့ရပါတယ်။ ဆရာကျော်ထွန်း ကို ပြုံးပြကြတယ်။ သူတို့ နှစ်ယောက်က ကိုသိဒ္ဓတ္ထလှိုင်နဲ့ ကိုအောင်ချိမ့်။

ကျွန်တော်က ဆံပင်ရှည်ထားခါစ။ အသက် ၁၈ နှစ် ကျော်ပြီးခါစ။ နောင်အခါ နှစ်ပေါင်းများစွာ ရင်းနှီးရမယ့် မော်ဒန်ကဗျာရဲ့ ပင်မရေစီးအဖြစ် တသွင်သွင် စတင် စီးဆင်း

mgyoe.com

mgyoe.com
SAMPLE BOOK


သူတစ်ဦးဖြစ်တဲ့၊ မြန်မာကဗျာလောကအတွက် ခေတ်ပေါ် မော်ဒန်ကဗျာများကို အစဉ်တစိုက် ဦးဆောင် ရေးသားခဲ့သူ ဖြစ်တဲ့၊ အနုပညာသက်တမ်းတစ်လျှောက် ကဗျာကိုသာ စွဲမြဲခိုင်ကျည်စွာ ရေးသားခဲ့တဲ့၊ ကဗျာ၊ နိုင်ငံရေး၊ ပြည်သူနဲ့ နိုင်ငံတော်အပေါ် သစ္စာရှိခဲ့သူ၊ တာဝန်ကျေခဲ့သူ၊ အနာဂတ်ကို လူငယ်များထံ ပေးအပ်နှင်းဆက်ခဲ့ချင်သူ ကဗျာဆရာ အောင်ချိမ့် (အစ်ကိုကြီး) နဲ့ အဦးဆုံး စတင် မြင်သိခဲ့ရတာဖြစ်ပြီး သူနဲ့ နှစ်ပေါင်းများစွာ ရင်းနှီးထိတွေ့ခဲ့ရကာ သူ့ အကောင်းအဆိုးများစွာကို ဖြတ်သန်းရစဉ် ဘေးနားကနေ အလိုအလျောက် ကြုံတွေ့ရသမျှကို မှတ်တမ်းတင်ထားထိုက်ပေတယ်လို့ ယုံကြည် ယူဆပါတယ်။

သူ့အနုပညာ ကဗျာတွေထက် လူသားဘဝကို ပိုမိုပေါ်လွင်အောင်သာ ပြောဆိုနိုင်မယ့် အရေးအသားများ ဖြစ်တယ်လို့လည်း အသိပေးပါရစေ။ ရင်းနှီးကျွမ်းဝင်ခဲ့ကြရတဲ့ နှစ်၊ လ၊ နေ့ရက်၊ နာရီများမှာ သူနဲ့ ကျွန်တော် နှစ်ယောက်တည်းသာ သိတဲ့ ရယ်စရာတွေ ရှိခဲ့တယ်။ နှစ်ယောက်တည်းကျမှ ပြန်ပြောပြီး ရယ်မောပျော်ရွှင်ရတဲ့ ဟာသတွေ ရှိခဲ့တယ်။ အဲဒီလိုပဲ ဆိုးဝါးတဲ့ မြင်ကွင်းတွေ၊ အငြင်းပွားစရာ အခြေအနေတွေ၊ စိတ်မကောင်းစရာ ဖြစ်ရပ်တွေ၊ သစ္စာရှိမှုတွေနဲ့ နူတ်ကတိသဘောတွေလည်း ရှိခဲ့တယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


## အနုပညာလောကထဲ ခြေချရန်
## ကိုမုတ်သုံ ရန်ကုန်မြို့သို့ ဆင်းလာခြင်း

၁၉၇၇ ခုနှစ်၊ မေလမှာ ပခုက္ကူသား ကိုမုတ်သုံ ပန်းချီဆရာဖြစ်ဖို့ ရည်ရွယ်ချက်နဲ့ ရန်ကုန်ဆင်းလာခဲ့တယ်။ မန္တလေး အနုပညာကျောင်းမှာ အတန်းတူ၊ နှစ်တူ တက်ခဲ့တဲ့ သူ့သူငယ်ချင်း ကိုဝေချစ်ကိုနဲ့ လာကြတာ။ ကိုဝေချစ်ကိုက ရန်ကုန်ရောက်ဖူးတယ်။ ဒါကြောင့် ကိုမုတ်သုံက သူ့ကို လိုက်ပို့ပေးစေတာပါ။ ကျွန်တော် အလုပ်လုပ်တဲ့ ပုံနှိပ်တိုက်ကို ကိုဝေချစ်ကိုက သရုပ်ဖော်ပုံရေးဖို့ လာတောင်းတော့ အယ်ဒီတာကတစ်ဆင့် ကျွန်တော်နဲ့ အသိဖြစ်ရတယ်။ ကိုမုတ်သုံ ဆိုတဲ့ ကျောင်းဆင်းတစ်ယောက်လည်း ပါတယ်။ ဒီတိုက်ကို လာ

mgyoe.com

mgyoe.com
SAMPLE BOOK


လိမ့်မယ်လို့ ပြောသွားတယ်။

အိမ်မှာက မန္တလေးမြို့နယ်တစ်ခုက ထုတ်ဝေတဲ့ မြို့နယ် မဂ္ဂဇင်း ရှိပြီးသား။ အဲဒီမဂ္ဂဇင်း သရုပ်ဖော်ပုံတွေထဲမှာ သူတို့ နှစ်ယောက် ရေးတဲ့ပုံတွေ တွေ့ပြီးသား။ သူတို့နှစ်ယောက် အနုပညာကျောင်း တက်တုန်းက ရေးပေးထားကြတာပါ။

နောက် ကိုမုတ်သုံ မဂ္ဂဇင်းတိုက်လာပြီး ပုံတောင်းတာ နဲ့ သူနဲ့ သိသွားတယ်။ တွေ့တွေ့ချင်း လူထုဦးလှ၊ ဒေါ်အမာ တို့ရဲ့သား ကျောင်းသားခေါင်းဆောင် ကိုစိုးဝင်းရဲ့ ဓာတ်ပုံ သတင်းစာတွေမှာ ပါတာ မြင်ဖူးခဲ့တော့ သူနဲ့ ဆင်တယ်လို့ ထင်မြင်မိလိုက်တယ်။ အဲဒီကနေ အနော်ရထာလမ်းမပေါ်က ကိုအောင်ချိမ့်တို့ ထိုင်တဲ့ ဝါဇီလက်ဖက်ရည်ဆိုင်ကို ရောက် သွားရတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


## ၇၇၊ ၇၈၊ ၇၉

၁၉၇၇ မိုးတွင်းကနေ ၁၉၇၈ ခုနှစ်အဆုံး၊ ၁၉၇၉ နှစ်စလများအထိက ကိုမုတ်သုံနဲ့ လိုက်ပြီး ဝါဒီလက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ရပ်ပါ။ နေ့တိုင်း မဟုတ်သေးဘူး။ ကြိုးကြားကြိုးကြားရောက်ဖြစ်တာပါ။ ကိုအောင်ချိမ့် စားပွဲမှာက ကိုထွန်းထွန်းဆိုတဲ့လူငယ် ရှိတယ်။ ကျွန်တော်နဲ့ အသက် မတိမ်းမယိမ်းပဲ။ သူက လှို့ဝှက်သည်းဖို ဝတ္ထုရေးဆရာ မောင်သိုက်စိုးရဲ့ ညီပါ။ သူ့အစ်ကိုက ရေးဖော်ရေးဖက် ကိုမိုးဦးနဲ့ ဟိုဘက်က ရွှေကြည်အေး လက်ဖက်ရည်ဆိုင်မှာ အထိုင်များပါတယ်။

ရွှေကြည်အေးက တရုတ် လက်ဖက်ရည်ဆိုင်။ ကျောက်စားပွဲဝိုင်းကြီးတွေနဲ့။ တရုတ် ညီအစ်ကိုတွေ စားပွဲထိုးကြတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


၃၃ လမ်း ကျော်ပြီး နှစ်ခန်း သုံးခန်းလောက်မှာ ပွင့်ဦး လက်ဖက်ရည်ဆိုင် ရှိသေးတယ်။ အဲဒီဆိုင်က ဆီချက်တို့၊ ဘာတို့လည်း ရောင်းတယ်။

ဝါဇီကို ခပ်ကျဲကျဲသာ ရောက်ခဲ့တာကြောင့် ကိုဖော်ဝေးကို သိကို မသိခဲ့ဘူး။ ကိုအောင်ချိမ့်တို့၊ ကိုမုတ်သုံတို့ ပြောတာသာ ကြားဖူးရပါတယ်။ ကိုဖော်ဝေးက ၁၉၇၈ ခုနှစ်မှာ စောစောစီးစီး ကွယ်လွန်ခဲ့ပါတယ်။ ကိုဖော်ဝေး၊ ကိုချောနွယ်နဲ့ ကိုအောင်ချိမ့်တို့ရဲ့ 'သစ်ရွက်အသေများပေါ်မှ ရက်စက်သောဂီတ' လက်ရေးစာအုပ် ထုတ်ခဲ့တာတော့ သိတယ်။ ဒါပေမဲ့ လက်လှမ်းမမီနိုင်သေးတာကြောင့် မဖတ်ဖူးသေးဘူး။

ဝါဇီလက်ဖက်ရည်ဆိုင်ကို ကိုချိုကြီးဆိုသူ တစ်ယောက်လည်း လာတတ်တယ်။ ကိုအောင်ချိမ့်၊ ကိုမုတ်သုံတို့နဲ့ပဲ စကားပြောတယ်။ ကိုထွဋ်ထွဋ်နဲ့ဆို ပြောကို မပြောဘူး။ နောက် ကိုထွဋ်ထွဋ် အစ်မနဲ့ အိမ်ထောင်ကျတယ်။ တော်တော်လေးကြာတော့ မန္တလေးကို ပြောင်းသွားတယ်။

ကိုအောင်ချိမ့်ရဲ့ အဝန်းအဝိုင်းထဲကို ရောက်လာသူတွေထဲမှာ ကိုမောင်မောင်လည်း ပါဝင်ပါတယ်။ သူကလည်း လူထူးလူဆန်း။ ဆရာ ဗန်းမော်တင်အောင်ရဲ့ သားကြီးကိုဗဟိန်းအောင်နဲ့က သူငယ်ချင်း။ သူရော၊ သူ့အမျိုးသမီး မချိုရော၊ သူ့မိခင်ပါ ဆရာဗန်းမော်တင်အောင်တို့ မိသားစုနဲ့ သိပ်ကို ရင်းနှီးကျွမ်းဝင်ကြတယ်။ မချိုကလည်း နိုင်ငံရေးမှုနဲ့ ထိန်းသိမ်းခံရဖူးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကိုမောင်မောင်က အိမ်စောစောပြန်လို့ မရဘူး။ စောစော ပြန်ရင် သူ့အမေက သား ဘယ်သူနဲ့ စကားများလာသလဲ၊ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ မေးမြန်းခံရတဲ့သူ။ ဒါကြောင့် မှောင်မှ အိမ်ပြန်ရတယ်။

ပြည်လမ်း၊ တံတားဖြူမှတ်တိုင်နားက ခရမ်းပြာအဆောင် မှာ ကိုမုတ်သုံ နေစဉ် စတွေ့ရပြီး ကိုအောင်ချိမ့်ဝိုင်း ရောက်လာ ကာ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ခင်မင်ခဲ့ရသူပါ။ ကိုအောင်ချိမ့် ကွယ်လွန်ချိန်အထိ အနီးကပ် ရပ်တည်ခဲ့တဲ့သူလည်း ဖြစ်ပါ တယ်။ တကယ့်ကို စစ်မှန်တဲ့ မိတ်ဆွေကောင်း တစ်ဦးပါ။ အင်းစိန် ဂီတီအိုင် တက်နေတဲ့ နွေလယ်နေက ပုံနှိပ်တိုက်ကို ကဗျာလာပို့ရင်း သိရာကနေ အခြား ဂီတီအိုင်ကျောင်းသား ကိုညိုယဉ်လှိုင်း၊ ကိုဝင်းနိုင်ဦးတို့နဲ့ပါ သိကျွမ်း ခင်မင်ရပါ တယ်။ ကဗျာရေးစပ်သူ၊ ကဗျာစိတ်ဝင်စားသူများ ဖြစ်ကြပါ တယ်။ ကိုဝင်းနိုင်ဦးက ကိုအောင်ချိမ့်နဲ့ တွေ့ချင်တယ်၊ ကဗျာ အကြောင်း မေးမြန်း ဆွေးနွေးချင်တယ်ဆိုတာနဲ့ ကျိုက္ကဆံ ရပ်ကွက်၊ ရတနာလမ်းက ကိုအောင်ချိမ့် အိမ်ကို လိုက်ပို့ပြီး မိတ်ဆက်ပေးခဲ့ရတယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


## ရုပ်ရှင်ကြည့်ခြင်း

'အောင်ချိမ့် ရုပ်ရှင်ကြည့်ခြင်း' ဆိုတဲ့ကဗျာ မိုးဝေမဂ္ဂဇင်းမှာ ပုံနှိပ်ဖော်ပြတယ်။ သူ့ကဗျာတွေထဲမှာ ပထမဦးဆုံး ဖတ်ဖြစ်တဲ့ ကဗျာပါ။ အရင်က သူ့ကဗျာ ဘာမှ မဖတ်ဖူးသေးဘူး။ ဒီကဗျာကလည်း နားမလည်ဘူး အပြောခံရတဲ့ ကဗျာပါ။ ဖတ်ရစဉ်မှာ ဆာရီရယ်လစ်ဇင် ပန်းချီကားများကို ပြန်အမှတ်ရပါတယ်။ အဲဒီလောက်ပဲ ခံစားနိုင်ခဲ့ပါတယ်။

ကိုအောင်မော်၊ ကိုသန်းအုန်းနဲ့ ကိုညီပြသစ်တို့ မိုးဝေမဂ္ဂဇင်းကို အယ်ဒီတာလုပ်ကိုင် ထုတ်ဝေစဉ် ဒီကဗျာ ပါဝင်ခဲ့တာပါ။ သူတို့သုံးဦး လက်ထက်မှာ မော်ဒန်ကဗျာများကို ဖော်ပြမှု အများဆုံး ပြုခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ကဗျာက နားလည်ဖို့လား၊ ခံစားဖို့လား၊ ဖတ်ကြည့်ရုံ သက်သက်လား သဲသဲကွဲကွဲ မသိနိုင်သေးပါ။ အချိန်တစ်ခု လိုသေးတာများလား။ ခေတ်ရှေ့ စောရောက်နေတာလား။ ၁၉၇၆၊ ၇၇၊ ၇၈ ခုနှစ်များက အရေးအသားများဟာ ဘယ်လို ရှေ့ဆောင်နေသလဲ၊ ဘာတွေ သက်ရောက်ခဲ့သလဲ စဉ်းစား စရာပါ။

ရုပ်ရှင်မှာက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံး ရောနှော စပ်ယှက်နေကြတာ။ အတိတ် ရောက်လိုက်၊ အနာဂတ် ရောက်လိုက်၊ ပစ္စုပ္ပန် ပြန်ပြလိုက်နဲ့ လွတ်လွတ်လပ်လပ် ရှေ့နောက် အစီအစဉ်ပြု ရိုက်ကူး ပြသကြတာပါ။တကယ့်ဖြစ်ရပ်၊ စိတ်ကူးယဉ်၊ ဒဏ္ဍာရီ၊ နတ်သမီး၊ ကောင်းကင်တမန်၊ ရှေးဟောင်းပုံပြင်တွေနဲ့ စက်ရုပ်များ၊ စကြဝဠာ၊ ဂြိုဟ်တွေ၊ ဂြိုဟ်သားတွေ၊ အနန္တစွမ်းအား ရှိသူတွေ ရောပြွမ်း ပေါင်းစပ် မွေနှောက်ပြသကြပြီ။

သူ အမှန်တကယ် ရုပ်ရှင်ကြည့်ခဲ့ပါတယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


**ခေတ်တစ်ခုရဲ့လိုအပ်ချက်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း**

ကိုအောင်ချိမ့်က လမ်းမတော်မှာ နေပူစာလှုံ့ရင်း စာတစ်အုပ် ဖတ်နေတယ်။ ကျွန်တော်က သူ့ရှေ့မှာ သွားရပ်ပြီး ဒီမှာ ပြောထားတဲ့ ဂျီတီအိုင်က ကိုဝင်းနိုင်ဦး ပါလို့ သူ့ကို ကိုဝင်းနိုင်ဦးနဲ့ မိတ်ဆက်ပေးရပါတယ်။ ကိုဝင်းနိုင်ဦးက ဖျာပုံနယ် ရွာတစ်ရွာကပါ။ သူ့မိဘများက ပင်လယ်ထဲမှာ ကျားပိုက်ထောင်တဲ့လုပ်ငန်း လုပ်ကိုင်ကြတယ်။ အစ်မနဲ့ ညီမတွေ ရှိပြီး သားက သူတစ်ယောက်တည်းပါ။ သူ့အဖေက ပင်လယ်ကမ်းစပ်ဒေသကနေ ရန်ကုန်က ပုဂံစာအုပ်တိုက်နဲ့ တခြား စာပေတိုက်တွေက ထုတ်တဲ့ စာအုပ်တွေကို စာတိုက်ကနေ VPP နဲ့ မှာယူ ဖတ်ရှုသူပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


လာ၊ လက်ဖက်ရည်ဆိုင်သွားကြမယ် ဆိုပြီး ရပ်ကွက်ထဲက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ခေါ်သွားပါတယ်။ မေးကြပြောကြ၊ လက်ဖက်ရည်သောက်ကြနဲ့ ကိုဝင်းနိုင်ဦး စမေးတာက ကဗျာက ခေတ်တစ်ခုရဲ့ လိုအပ်ချက်လား ဆိုတာကို မှတ်မိနေပါသေးတယ်။ ကိုအောင်ချိမ့်က လေးနက် သေချာစွာ ပြန်ဖြေပါတယ်။

ခေတ်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊တော်လှန်ရေး၊ သမိုင်းဖြစ်စဉ်၊ ကဗျာအနုပညာ၊ ဇင်နိုးကြူး၊ နရီနဲ့နိမိတ်ပုံ၊ သင်္ကေတဝါဒ၊ ထင်းရှူးပင်ရိပ်၊ အနီထဲက ကြယ်ဖြူပွင့်၊ ရောဘတ်ဖရော့စ်ကဗျာ ဆီးနှင်းကျ ညနေခင်း တောစပ်နံဘေး ရပ်ကြည့်မိခြင်း။

စီးကရက်တွေ ဖွာလိုက်ကြ၊ မေးလိုက် ပြောလိုက်ကြ၊ ဆွေးနွေးလိုက်ကြတာ၊ ဆွေးနွေးလိုက်ကြတာ အတော်လေးကြာလာတယ်။ ကျွန်တော်က ရုံးချိန်နီးလာပြီး ပုံနှိပ်တိုက်သွားရမှာမို့ သူတို့နှစ်ယောက်ကို ချန်ထားရစ်ခဲ့ကာ မြို့ထဲ ထွက်လာခဲ့ရပါတယ်။

သူတို့နှစ်ယောက် ခဏခဏ တွေ့ဆုံပုံရပါတယ်။ နှစ်ပတ်၊ သုံးပတ်လောက် ကြာတော့ ကိုဝင်းနိုင်ဦးကို ကိုအောင်ချိမ့်နဲ့ တွေ့သေးလားလို့ မေးကြည့်တယ်။ တွေ့တယ်ပေါ့။ အဲဒီမှာ သူက ပိုက်ဆံတွေ ဘာတွေ တောင်းရင် မပေးနဲ့နော်လို့ သတိပေးရတယ်။ ကိုဝင်းနိုင်ဦးက မျက်မှောင်ကြုတ်ကြည့်ပြီး အခုမှ လာပြောတယ်၊ ပေးပြီးပြီ။ ပေးပြီးတာ ကြာလှ

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီလို့ ပြန်ပြောတယ်။

နှစ်ပေါင်းများစွာ တိုင်အောင် သူတို့နှစ်ဦး ခင်ခင်မင်မင် အပေါက်အလမ်း တည့်သွားကြတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


**ဒီပါ့မွေးနေ့**

သူ့သမီး ဒီပါရဲ့ မွေးနေ့ဖိတ်စာ ပေးပါတယ်။ စာရွက်ကြောင် ရိုးရိုးပေါ်မှာ မင်နှစ်ရောင်၊ သုံးရောင်နဲ့ ရေးထားတယ်။ ကျိုက္ကဆံရပ်ကွက်က ရတနာလမ်း အိမ်မှာပါ။ မွေးနေ့ ကျင်းပမှာက ညနေခင်းအချိန် ဖြစ်ပါတယ်။

ဗိုလ်စိန်မှန်လမ်းက အသိ ကိုနီမိုးကို ဝင်ခေါ်ပြီး သွားပါတယ်။ ကိုနီမိုးက ခုမှ ကပ်လာပြောတယ်ကွာ။ ငှက်ပျောသီးတစ်ဖီးပဲ ဝယ်ခဲ့မယ်ဆိုပြီး လမ်းမှာ ဝယ်ယူလာတယ်။ ကိုနီမိုးက ကိုအောင်ချိမ့် ညီနဲ့ ရပ်ကွက်ထဲမှာ ဘောလုံးကန်ဖော် ကန်ဖက်ပါ။

သူတို့အိမ် ရောက်တော့ လျှပ်စစ်မီးတွေ ထွန်းညှိထား

mgyoe.com

mgyoe.com
SAMPLE BOOK


ကြပြီ။ ညှော်ခံပွဲလေးထဲက လူအုပ်ထဲမှာ ကိုထွဋ်ထွဋ် ရှိတယ်။ ကျွန်တော် ထိုင်တဲ့ စားပွဲကို လာပြီး ကျွန်တော့်ကို နောက်ပြောင်နေတယ်။ ကိုမုတ်သုံကတော့ ပြန်သွားပြီတဲ့။

ကိုအောင်ချိမ့် အမျိုးသမီး မညွှန့်ညွှန့်သိန်းကို စတင်တွေ့ဖူးရတယ်။ ပါဝါ မျက်မှန်နဲ့။ ကိုအောင်ချိမ့်ကို ကိုကိုလို့ ခေါ်တာ သတိထားမိလိုက်တယ်။

သုံးနှစ်ပြည့် မွေးနေ့ရှင် ဒီပါလေးကတော့ ဘောင်းဘီတိုလေးပဲ ဝတ်ထားပြီး အိပ်ပျော်နေတယ်။ နေမကောင်းဘူးတဲ့။ ကိုအောင်ချိမ့်ကိုပဲ မွေးနေ့လက်ဆောင်အဖြစ် ရှုရှားပြည်ဖြစ် မိန်းမငယ် သစ်သားရုပ်ကလေး ပေးလိုက်တယ်။ ခေါင်းစည်းနဲ့ ပုံ ဆေးရေးခြယ်ထားတယ်။ အလယ်ကောင်က ဖွင့်လိုက်ရင် တစ်ရုပ် ထပ်ထွက်လာတယ်။ နောက်တစ်ခါ အဲဒီ အရုပ်ကို ထပ်ဖွင့်ရင် နောက်တစ်ရုပ် ထပ်ထွက်လာတယ်။ အငယ်ဆုံးက သစ်သားတုံးကလေးကို ပြုလုပ်ထားတာပါ။

ဖားသားကြီးကို ရှုရှားက မလှကျော့ ပေးထားတာပါ။ သုံးနှစ် ဆိုတော့ အကိုက်ပဲဆိုပြီး အိမ်က ယူလာတာလို့ ရှင်းပြလိုက်တယ်။

အေး ... ရှုရှားလက်ရာလို့ ထင်တာပဲလို့ အနားမှာ ရောက်နေတဲ့ ကိုမြေချစ်သူက ဝင်ပြောတယ်။

ကိုအောင်ချိမ့်က အရုပ်ကို အံဝင်ခွင်ကျ ပြန်ထည့်ပြီး အမြင့်တစ်နေရာမှာ တင်ထားလိုက်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


## ဝါဇီလက်ဖက်ရည်ဆိုင် စားပွဲ

ကိုအောင်ချိမ့် စားပွဲကို ကဗျာဆရာ နေသွေးနီ လာထိုင်တတ်ပါတယ်။ ကွမ်းတမြုံ့မြုံ့ စားပြီး ကိုအောင်ချိမ့်၊ ကိုမုတ်သုံတို့နဲ့ စကားစမြည် ပြောတယ်။ ရယ်ကြမောကြတယ်။ ဆရာနေသွေးနီက ကိုအောင်ချိမ့်ကို 'ချိမ့်ကြီး'လို့ ခေါ်ပြီး ကိုအောင်ချိမ့်က 'ကိုနေသွေး'လို့ ခေါ်တယ်။

တေးရေးဆရာ ကိုသစ်မင်းလည်း လာတယ်။ သူက 'တေးမြုံ့ငှက်'စာအုပ် ရေးသား ထုတ်ဝေပြီးနေပြီ။ ဒီ့အရင်ကလည်း 'ငရဲ၌ သစ်ငုတ်ဖြစ်စေ'ဆိုတဲ့ လုံးချင်းဝတ္ထု ထုတ်ဝေဖူးတယ်။ ကိုအောင်ချိမ့်ထက် အသက် နည်းနည်းငယ်တယ်။

ကိုသစ်မင်းနဲ့ ကျောင်းနေဖက် သူငယ်ချင်းဖြစ်တဲ့ ကိုပြည့်မင်းလည်း နေ့လယ်ဘက် ရောက်လာတတ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


သူက ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း တစ်စောင်မှာ 'မြွေ'ကဗျာ ရေးသားခဲ့တယ်။ သူက ခဏတစ်ဖြုတ် ပဲ ထိုင်လေ့ ရှိတယ်။ ပြန်ရင်လည်း စားပွဲမှာ ရှိသမျှလူ အကုန် လုံးကို ပြုံးပြီး နှုတ်ဆက်လေ့ ရှိတယ်။

နောက်တစ်ယောက်က သီချင်းရေး၊ သီချင်းဆိုတဲ့ ကို နောင်နောင်။ သူက 'ငါ နေကောင်းသွားပြီ ပန်းကလေးရေ' လို့ ပြောတတ်တယ်။ လက်ဖက်ရည်ဆိုင်ထဲမှာ မျက်စိစုံမှိတ်ပြီး ဝင်သက်ထွက်သက် ရှူမှတ်နေတာ များပါတယ်။

ပန်းချီ ကိုဒီလည်း လာထိုင်တတ်တယ်။ သူက မဂ္ဂဇင်း သရုပ်ဖော်ပုံတွေ၊ စာအုပ်မျက်နှာဖုံးတွေ ပြန်ရေးနေပြီ။ ကိုသုမောင်ရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ် ကာဗာကို သူ ရေးထား တာ ပျံ့နေတာပဲ။ ကိုအောင်ချိမ့်က ကြည့်ရင်း 'ဟိုက်ပါကွာ၊ ဟိုက်ပါရီရယ်လစ်ဇင်ကွာ၊ ကောင်းလိုက်တာ'လို့ ချီးမွမ်း ပါတယ်။

ကိုသခွပ်နီ လာတာလည်း တွေ့ဖူးတယ်။ ဆူးလေဘုရား လမ်းမပေါ် ဂုဏ်ရုပ်ရှင်ရုံနားမှာ ရုပ်အင်္ကျီတွေ ရောင်းတဲ့ ကဗျာ ဆရာ မောင်စိမ်းခေါင်လည်း နေ့လယ်ဘက် လာထိုင်ပါတယ်။

ဝါဒီဆိုင်ပိုင်ရှင်နဲ့ ကောင်တာထိုင်သူများက ကိုအောင် ချိမ့်နဲ့ သူ့ရဲ့အပေါင်းအသင်းများကို အနုပညာသမားတွေ ဆိုပြီး တန်ဖိုးထား လေးစားကြတယ်။ ငြိုငြင်တာ တစ်စက်မှ မရှိဘူး။ ဖော်ဖော်ရွေရွေ ဆက်ဆံကြပါတယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


## တို့ခေတ် သူရဲကောင်း

ရုရှားစာရေးဆရာ ကဗျာဆရာ မစ်ခေးလာမွန်တော့ (၁၈၁၄–၁၈၄၁) ရဲ့ စာအုပ်ပါ။ သူက ရိုမန်တစ် အရေးအသားနဲ့ နာမည်ကျော်ကြားသူပါ။ ပွတ်ရှကင်လိုပဲ သေနတ်ချင်းယှဉ်ပစ်ကြရင်း သေဆုံးခဲ့ရတယ်။ ပွတ်ရှကင် ကွယ်လွန်ပြီးတဲ့နောက် ရုရှား ဂန္ထဝင် ဘဝလွမ်းမော စာပေမှာ အကြီးမားဆုံးနေရာ ရရှိခဲ့သူပါ။ အဲဒီ ဘာသာပြန်စာအုပ် ကျွန်တော်တို့အိမ်မှာ ရှိတယ်။ ဖတ်လို့ သိပ်စွဲလမ်းရတယ်။ သူငယ်ချင်းတွေကို ပေးဖတ်ပါတယ်။ ဖတ်သူတွေရဲ့ တုံ့ပြန်ချက်က သိပ်ကောင်းတယ်။ အကြောင်းအရာ၊ အရေးအဖွဲ့ စိတ်တိုင်းကျရတယ်ပေါ့။ ဝတ္ထုတိုပေါင်းချုပ်မှာ ဘီလာ၊ မက်ဇင်မက်ဇင်မက်၊

mgyoe.com

mgyoe.com SAMPLE BOOK

ပီချိုရင့် နေ့စဉ်မှတ်တမ်း၊ တမန်၊ ကံယုံသူနဲ့ မေရီမင်းသမီး ဝတ္ထုများ ပါဝင်တယ်။

ဘီလာမှာ ဂျစ်ပစီတစ်ယောက်က ဇာတ်ကောင်။ သူ့မြင်းက ဒီနယ်တစ်ကြောမှာ ပြိုင်စံရှားပဲ။ သန်မြန်တယ်၊ အမွေးအရောင် စိုပြည်တောက်လက်တယ်။ အဲဒီမြင်းကို မြင်သူတိုင်း ပိုင်ဆိုင်ချင်ကြတယ်။ လူကုံထံ အသိုင်းအဝိုင်းထဲက လူငယ်တစ်ယောက်က မနေနိုင် မထိုင်နိုင်အောင်ကို အဲဒီမြင်းကို လိုချင်နေတယ်။ သူ့ရဲ့ ချောမောလှပတဲ့ အစ်မလေးကို စုံမက်နေသူ စစ်ဗိုလ်လေးတစ်ယောက်နဲ့ ပေါင်းမိပြီး မြင်းကို ခိုးယူဖို့ သဘောတူကြတယ်။ ဗိုလ်လေးက မြင်းကို ခိုးပေးနိုင်ရင် သူ့အစ်မလေးနဲ့ လဲကြမယ်။

တစ်နေ့ ဂျစ်ပစီက စားသောက်ဆိုင်လာပြီး ဆိုင်ရှေ့မှာ မြင်းကို ချည်ထားတယ်။ ဆိုင်ထဲဝင် စားသောက်နေတုန်း အလစ်ချောင်းနေတဲ့ ဗိုလ်လေးက မြင်းကို ကြိုးဖြုတ် တက်စီးပြီး ပြေးတာ မြင်းက ရုန်းကန်အော်ဟစ်ရင်း ပါသွားတယ်။ ဆိုင်ထဲက ဂျစ်ပစီလည်း သိရော အပြေးလိုက်တယ်။ မောပြီး မလိုက်နိုင်တော့တဲ့ နေရာကျမှ မြေကြီးပေါ် မှောက်အိပ်ချပြီး ငိုကြွေးတာ နှစ်ရက်၊ သုံးရက် ကြာတယ်။

ဗိုလ်လေးနဲ့ လူငယ် ချိန်းချက်ပြီး ပစ္စည်းချင်း လဲကြတော့ လူငယ်က အဝတ်ထုပ်ကြီးတစ်ထုပ် ပေးတယ်။ ဖြေကြည့်တော့ သူ့အစ်မလေးကို ပါးစပ် အဝတ်ဆို့၊ ခြေလက်တွေကို ကြိုးနဲ့ တုပ်နှောင်ထားတာ တွေ့ရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


နှစ်အတော်ကြာတော့ ကော့ကေးဆပ်နယ် ပုန်ကန်မှုမှာ ဂျစ်ပစီ ပါဝင်တိုက်ခိုက်တယ်။ ဘုရင့်တပ်သားတွေက သေနတ်နဲ့ ပစ်ခတ်လို့ သူ့ကို မထိမှန်ရင် မြင်းပေါ်ကနေ ဦးထုပ်မြှောက်ပြ ပြီး ဦးညွတ်ပြတယ်။ လူ့စရိုက်တွေက အဲဒီလို။

မိတ်ဆွေတွေကြားမှာ စာအုပ်သတင်း ထွက်လာပြီး ကိုအောင်ချိမ့်က တောင်းဖတ်တယ်။ စာအုပ်မှာ ထူးခြားနေတာက ပုံနှိပ်တဲ့ ခုနှစ်၊ ပုံနှိပ်သူနဲ့ ထုတ်ဝေသူ အမည်တွေ ပါပေမဲ့ ဘာသာပြန်ဆိုသူရဲ့ အမည်ကို ပုံနှိပ်ဖော်ပြထားခြင်း မရှိဘူး။ ကိုအောင်ချိမ့်က ဘယ်သူ ဘာသာပြန်တာလဲလို့ မေးတယ်။ မသိဘူးလို့ ပြန်ဖြေလိုက်ရတယ်။

'ဆရာမောင်နေဝင်းကို ကိုယ် သွားမေးကြည့်မယ်ကွာ' လို့ ပြောတယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


**တို့ခေတ် သူ့ရဲကောင်း နှစ်**

ရုရှား လက်ရွေးစင်စာပေတွေ ဘာသာပြန်ကြ၊ ထုတ်ဝေကြတဲ့ ခေတ်ကာလတစ်ခု ရှိခဲ့တယ်။ အတော်လေးကို စောပါတယ်။ ကိုအောင်ချိမ့်က အဲဒီ စာပေထုတ်ဝေမှု ဖြစ်စဉ်ကို သိတဲ့သူဆိုတော့ စာရေးဆရာ မောင်နေဝင်းကို သွားစုံစမ်းမယ်လို့ ပြောတာပါ။

ရက်တော်တော်ကြာတော့ ဆရာမောင်နေဝင်းဆီ သွားပြီး ပြန်လာတယ်။ ဆရာမောင်နေဝင်းက ဘာသာပြန်စာမူကို ထောင်ထဲကနေ သူပဲ ထုတ်ယူလာခဲ့တာတဲ့။ ဘာသာပြန်သူရဲ့ အမည်ကိုတော့ မသိရဘူး။ ကိုအောင်ချိမ့်ရဲ့ တုံ့ပြန်မှုက အဲဒီလို။

■

mgyoe.com

mgyoe.com SAMPLE BOOK


**ရွက်မရှိလျှင် ... တက်မရှိလျှင် ...**

ပြည်မြို့မှာ နေထိုင်တဲ့ ကိုချောနွယ်လည်း ရန်ကုန်ကို ဆင်းဆင်းလာတယ်။သူ ရောက်တဲ့အခါ ဝါဇီမှာ လာထိုင်တယ်။ ပိန်ပိန်ပါးပါး၊ ဆံပင်လိုင်းတွန့်နဲ့ နှုတ်ခမ်းမွေးစစ ရှိတယ်။ ဆေးလိပ် သောက်တတ်တယ်။

မန္တလေးက ပန်းချီကျောင်းထွက်တွေ ရန်ကုန် ဆင်း လာကြတယ်။ တကိုးမျိုး၊ ကိုကျော်မြင့်သန်း ခေါ် မူးမူး၊ ကိုခင်ဇော် ခေါ် ငွေလမင်း၊ ကိုစိုးဟန်၊ ကိုလှသန့်၊ ကိုဇော်သိန်း။ ကိုခင်ဇော်က နန်းရှေ့မှာနေတဲ့ ကိုပိုင်သနဲ့ အတူတူ လာတယ်။ နောက်တစ်ဦးက ကိုသိန်းသိန်း။ မန္တလေးက ပန်းချီဆရာ ဘဏ်ဦးခင်မောင်ထံမှာ ပန်းချီပညာ သင်ယူခဲ့သူ။ သူ့အဖေက ပင်စင်ယူပြီး မြေနီကုန်းဈေးလမ်းမှာ နေတယ်။ ကိုသိန်းသိန်း

mgyoe.com

mgyoe.com
SAMPLE BOOK


က မန္တလေးမှာ အချိန်ကြာကြာ နေရစ်ခဲ့ပြီးမှ ရန်ကုန် ရောက်လာတယ်။ သူနဲ့ တွေ့ရတော့မှ သူ မန္တလေးက သယ်ဆောင်လာတဲ့ ကိုအောင်ချိမ့်တို့ရဲ့ 'သစ်ရွက်အသေများပေါ်မှ ရက်စက်သော ဂီတ' လက်ရေးစာအုပ်ကို ဖတ်ခွင့်ရတယ်။

မန္တလေးက စုန်ဆင်း ရောက်ရှိလာသူတွေ ကိုအောင်ချိမ့်နဲ့ ကိုမုတ်သုံတို့ ထိုင်တဲ့ ဝါဇီလက်ဖက်ရည်ဆိုင် ရောက်လာကြတယ်။ တကိုးမျိုး၊ မူးမူးနဲ့ ကိုစိုးဟန်တို့က ပန်းချီရေးကြဖို့၊ ငွေလမင်းနဲ့ ကိုဇော်သိန်းက ကာတွန်းဆရာဖြစ်ကြဖို့ ဆန္ဒရှိကြတယ်။ အဆောင်တွေမှာ ငှားနေကြပြီး မြို့ထဲ ထွက်လာကြကာ မဂ္ဂဇင်းတိုက်တွေ သွားကြတယ်။ ဝါဇီ ဝင်ထိုင်ကြရင်း သူတို့လည်း ကိုအောင်ချိမ့်နဲ့ အနည်းနဲ့ အများဆိုသလို သိရှိကျွမ်းဝင်ကြပါတယ်။

ကိုအောင်ချိမ့်နဲ့ ကိုထွဋ်ထွဋ်တို့ နှစ်ယောက်က လုံးချင်းစာအုပ်တစ်အုပ် ထုတ်ဝေကြတယ်။ ဆရာမြတ်ငြိမ်း ဘာသာပြန်တဲ့ 'ရွက်မရှိလျှင် တက်ဖြင့် လှော်မည် ... တက်မရှိလျှင် လက်ဖြင့် လှော်မည်'ဝတ္ထု ဖြစ်ပါတယ်။ မိဘ တင့်တောင့်တင့်တယ်ပေမဲ့ အခြေအနေမဲ့ ဖြစ်ရတဲ့ ကလေးတစ်ယောက် ကြွယ်ဝသူ အမျိုးသမီးကြီးတစ်ယောက်ရဲ့ အမှီသဟဲ ရပြီး ဆရာဝန် စန္ဒရားဆရာ ဖြစ်လာတဲ့အကြောင်း။ စာအုပ်လက်ဆောင်ရပါတယ်။ ရောင်းတမ်းမှာ အောင်မြင်သလား၊ အကျိုးအမြတ်ရသလားတော့ မသိပါ။ ဖတ်လို့ ကောင်းတယ်။ စိတ်ဓာတ်တက်ကြွမှုကို ပေးစွမ်းနိုင်တယ်။ ■

mgyoe.com

mgyoe.com SAMPLE BOOK



## အာရ်အိုင်တီမှ ရဲသုံးဖော်

၁၉၈၀ ပြည့်နှစ်မှာ အထွေထွေ လွတ်ငြိမ်းချမ်းသာ ခွင့်နဲ့ ၇၆ မှိုင်းရာပြည့်မှာ အဓိကကျတဲ့ စက်မှုတက္ကသိုလ်က ခေါင်းဆောင်သုံးဦး ထောင်က ပြန်လွတ်လာပါတယ်။ တောင်ဥက္ကလာပက ကိုသန်းလင်း (ဘုန်းနွယ်လင်း)၊ အင်းဝက ကိုတင်အေးကြူ ခေါ် မောင်မှိုင်းလွင် (အင်းဝ)၊ ကိုဝင်းမြင့် (ဝင်းမင်းထွေး) တို့ ဖြစ်ပါတယ်။

ကိုအောင်ချိမ့်နဲ့ ကိုသန်းလင်းတို့ ပြန်တွေ့ကြတယ်။ ကိုသန်းလင်းက အာရ်အိုင်တီမှာ ကျောင်းတက်ကတည်းက ကိုအောင်ချိမ်နဲ့ ရင်းနှီးသူဖြစ်ပြီး အထိန်းသိမ်း မခံရခင်က တောင်ဥက္ကလာပ၊ ကျိုက္ကဆံရပ်ကွက်နဲ့ မြို့ထဲ ပြည်သူ့မုန့်တိုက် လက်ဖက်ရည်ဆိုင်တွေမှာ တစ်နေ့ တစ်နေ့ နာရီပေါင်းများစွာ အတူတကွ ထိုင်ခဲ့တဲ့ ရဲဘော်။ ကျန်နှစ်ဦးကလည်း ထိုနည်း

mgyoe.com

mgyoe.com
SAMPLE BOOK


လည်းကောင်းပင်။

သူနဲ့ အတွဲများသူက ကိုကြူလို့ ခေါ်ကြတဲ့ ကိုခင်မောင်ကြူပါ။ ကိုကြူက အရပ်မြင့်မြင့်၊ ဆံပင်ရှည်ရှည် ကောက်ကောက်။ လက်ကောက်ဝတ်မှာ စတီးလက်ကောက် ဝတ်ဆင်တတ်တယ်။ သူက တောင်ဥက္ကလာပ ၁၃ ရပ်ကွက်ထဲမှာ ကိုသန်းလင်းနဲ့ တစ်ရပ်ကွက်တည်း နေထိုင်သူ။ ကိုကြူနဲ့ ကိုဖော်ဝေးတို့က အင်းစိန်ထောင်ကို မှန်မှန်သွားပြီး ကိုသန်းလင်းကို ထောင်ဝင်စာ တွေ့ကြတယ်။ နရသိန်ထဲက ရဲဘော်များရဲ့ အမှာစကားများကိုလည်း ပြင်ပက မိတ်ဆွေများဆီ ဆောင်ကြဉ်းပေးခဲ့ကြတယ်။

မှိုင်းရာပြည့် လှုပ်ရှားမှု ဦးဆောင်ခဲ့သူ သုံးဦးနဲ့ ကိုအောင်ချိမ့်တို့ရဲ့ ရင်းနှီး ခင်မင်ဆက်နွှယ်မှုကို အမှတ်တရပါ။ ၇၆ မှိုင်းရာပြည့် ဦးဆောင်ခဲ့တယ်လို့ မဆလက ကြေညာတဲ့ ခေါင်းဆောင် သုံးဦးစလုံးဟာ ကိုအောင်ချိမ့်နဲ့ ကင်းသူတွေ မဟုတ်ပါ။ သူ့ရဲ့ညီငယ်တွေလို့လည်း ပြောနိုင်ပါတယ်လို့ ကိုကြူရဲ့ညီ ကိုအောင်သူက မှတ်တမ်းတင်ထားတယ်။

ကိုတင်အေးကြူက တံတားဦးနဲ့ ကိုဝင်းမြင့်က အမရပူရ ပြန်သွားကြတယ်။ ကိုဝင်းမြင့် ပြန်ဆင်းလာပြီး ရန်ကုန်မှာ အခြေစိုက်တော့ ကိုကြူနဲ့ တတွဲတွဲ။ မြို့လယ်ကောင်မှာ၊ ရပ်ရှင်ရုံတွေရှေ့မှာ၊ ကိုစိမ်းခေါင် ဆိုင်နားမှာ တွေ့ရပါတယ်။ ကိုတင်အေးကြူကတော့ နှစ် အတော်ကြာမှ ရန်ကုန်ကို တစ်ခေါက်လာတယ်။ ■

mgyoe.com

mgyoe.com SAMPLE BOOK



**မေလ ၁ ရက်**

တစ်နေ့လယ် ဝါဒီမှာ သူနဲ့ နှစ်ယောက်တည်း ထိုင်ဖြစ်တုန်း မင်းကို ဘယ်လ မွေးတာလဲလို့ မေးပါတယ်။ ကျွန်တော်က မေလလို့ ပြန်ဖြေတော့ ဟုတ်လား၊ ဘယ်နှရက်နေ့လဲလို့ ထပ်မေးပါတယ်။ ၁ ရက်နေ့လို့ ပြန်ဖြေလိုက်တော့ ဟုတ်လား၊ ကိုယ်လည်း မေလ ၁ ရက်နေ့ပဲလို့ ပြောတယ်။ အံ့အားသင့်စရာ တိုက်ဆိုင်မှု ဖြစ်ပါတယ်။

ဒါ့အပြင် ဟိုဘက်စားပွဲမှာ ထိုင်နေတဲ့ ကိုရန်ပိုင်ကို မေးငေါ့ပြပြီး မောင်ရန်ပိုင်လည်း မေလ ၁ ရက်ပဲကွ။ ဒါပေမဲ့ ဒီကောင်က ဘယ်ခုနှစ်လဲတော့ မသိဘူးလို့ ပြောပါတယ်။ ဒီဝါဒီလက်ဖက်ရည်ဆိုင် အမိုးတစ်ခုတည်းအောက်မှာ မေလ

mgyoe.com

mgyoe.com SAMPLE BOOK



၁ ရက်နေ့ မွေးဖွားသူ သုံးယောက် ထိုင်နေကြတာပေါ့။

ကိုအောင်ချိမ့် ၁၉၄၈၊ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး ခါစ။ ကိုရန်ပိုင် ခုနှစ် မသိ။ လွတ်လပ်ရေးမရခင် ဖြစ်လိမ့်မယ်။ ကိုအောင်ချိမ့်နဲ့ သိကတည်းက ကိုရန်ပိုင်နဲ့ သူနဲ့ မခေါ်ကြဘူး။ ဘာတွေ မတည့် ဖြစ်ခဲ့ကြသလဲတော့ မေးမကြည့် ဖြစ်ခဲ့ဘူး။

ကိုရန်ပိုင်က မန္တလေးက လာတဲ့ ကိုပိုင်သနဲ့ သူ့ညီ ဇော်ဇော် (ဆုံး) တို့နဲ့ ထိုင်တာ များတယ်။ တခြားသူများနဲ့လည်း ဝိုင်းဖွဲ့ထိုင်ပါတယ်။ ကျွန်တော် တစ်ယောက်တည်း ရှိနေရင် ဒါမှမဟုတ် ကိုမုတ်သုံနဲ့ နှစ်ယောက်တည်း ထိုင်နေရင် ကိုရန်ပိုင်က လာလာပြီး 'ဟေ့ကောင် ... မြင့်ဆန်း၊ မင်း အောင်ချိမ့်ကြီးက ဘယ်လို၊ ဘယ်ချမ်းသာနဲ့ ...' အတင်းပြောတတ်ပါတယ်။ ရယ်ရတာပေါ့လေ။ ပျော်စရာ၊ သဘောကျစရာများ ပါပဲ။

■

mgyoe.com

mgyoe.com SAMPLE BOOK


**ဖတ်တတ်၊ တွေးတတ်၊ ရေးတတ်သူ**

ဆရာမြသန်းတင့် ဘာသာပြန်တဲ့ 'လေရူးသုန်သုန်'ကို ဆရာ ခနေဖြူကျော်ထွန်းဆီက ငှားပေးရတယ်။ အဆုံးထိ ဖတ်ပြီးတော့ အခန်းတစ်ခန်းအကြောင်း ပြောလာတယ်။ စကားလက် အိုဟားရားနဲ့ ရက်ဘတ်တလာတို့ သမီးလေး မြင်းပေါ်က ပြုတ်ကျပြီး ဝေဒနာ အလူးအလဲ ခံစားရကာ ကွယ်လွန်တဲ့အခန်း။ အလောင်းပြင်ထားတဲ့ အခန်းထဲမှာ ရက်ဘတ်တလာက တစ်ညလုံး မအိပ်ဘဲ ကြေကွဲ ငေးမှိုင်နေတယ်။ အဲဒီအခန်းထဲမှာ စကားလက် ငယ်ငယ်ကတည်းက ကြွေတဲ့ အက်ရှလေရဲ့အမျိုးသမီး ဖီလာနယ်ဟယ်လင်တန် ကလည်း ရှိနေတယ်။ အဲဒီမှာ ဘာဖြစ်သွားကြလဲ။ သူက

mgyoe.com

mgyoe.com SAMPLE BOOK



အဲဒါကို သိချင်နေတယ်။

မာဂရက်မစ်ချယ် ရေးထားသမျှ၊ ဆရာမြ ပြန်ဆိုထားသမျှမှာ အနက်အဓိပ္ပာယ်တစ်ခု ကျန်ရစ်နေရော့သလား။ ဆရာမြကို သွားမေးမယ်ချည်းပဲ ပြောတယ်။ ဝတ္ထုထဲက စာလုံးတွေထဲမှာ မပါတဲ့ စိတ္တဇအရာ တစ်ခုခုများ ရှိနေမလား။ ကိုအောင်ချိမ့်မို့လို့ပဲ တွေးတောတတ်တာပေါ့လေ။

နောက် ဆရာဇော်ဂျီ ပြန်ဆိုတဲ့ 'ပလေတိုနိဒါန်း' စာအုပ်ဖတ်ပြန်ပါတယ်။ ပလေတို ဆိုပေမဲ့ သူ့ဆရာ ဆိုကရေတီးဆီက သင်ယူမှုတွေကို မှတ်တမ်းပြုထားတဲ့ အရေးအသားတွေပါ။ အေသင်မြို့သား လူငယ်လူရွယ်တွေနဲ့ အမှန်တရားရှာဖွေနေသူတွေကို ဆိုကရေတီးက ဒဿနပညာတွေ ဟောပြောပို့ချခဲ့တယ်။ ဆိုကရေတီးနဲ့ တစ်စုံတစ်ယောက် အပြန်အလှန်မေးကြပြောကြရာကနေ အသိပညာ တစ်စုံတစ်ရာ ရရှိလာစေကာ စိတ်ပိုင်းဆိုင်ရာ အမြင်တစ်ရပ် ရှင်းလင်းသွားကြတာတွေကို ဖွဲ့ထားတဲ့ စာအုပ်ပါ။ ပလေတို စာအုပ်များထဲက ကောက်နုတ်ပြီး ဆရာဇော်ဂျီက စေ့စပ်သေချာ တိကျစွာ ပြန်ဆိုထားပါတယ်။ ဂရိ တွေးခေါ်ပညာရှင် ဆိုကရေတီးရဲ့ ဒိုင်ယာလက်တစ် သဘောကိုလည်း ရှင်းလင်းစွာ မြင်ခွင့်ရတဲ့ ရသစာအုပ် ဖြစ်ပါတယ်။

အချိန်အတန်ကြာလာတော့ ကိုအောင်ချိမ့် ကဗျာတစ်ပုဒ်မဂ္ဂဇင်းမှာ ဖော်ပြတယ်။ ကဗျာခေါင်းစဉ်က 'တစ်နေ့ ပျင်းပျင်းရှိတာနဲ့ ဆိုကရေတီးဝတ်ရုံ ခြုံကြည့်ခြင်း'။

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်တစ်အုပ်လည်း ဆက်ပြောချင်ပါသေးတယ်။ အမေရိကန်သံရုံး ပြန်ကြားရေးဌာနက ထုတ်တဲ့ အမေရိကန်စာရေးဆရာ လေးဦးအကြောင်း။ အမေရိကန်က ထင်ရှားတဲ့ ဝတ္ထုရေးဆရာတွေရဲ့ ဘိုင်အိုဂရပ်ဖီ အကျဉ်းချုပ်ပါ။ ကျန်တဲ့ သုံးယောက်အပေါ် ဘယ်လောက် စိတ်ဝင်စားသလဲတော့ မသိပါ။ အားနက်ဟဲမင်းဝေးကိုတော့ သူ့စိတ်မှာ အမှတ်ထားစွဲမြဲလိုက်ပုံ ရပါတယ်။ နောက်ပိုင်း သူ့ကဗျာတစ်ပုဒ် ခေါင်းစဉ်ကို 'ဘဲငန်းပစ်ရန် မိတ်ဆွေ အမျိုးသမီးတစ်ဦးနှင့် တွေ့ရန်နှင့် ကျွန်တော့်အကြောင်း ဖုံးကွယ်ရန် လာခြင်း'လို့ ပေးပါတယ်။ ဘဲငန်းပစ်ရန်နဲ့ မိတ်ဆွေ အမျိုးသမီးတစ်ဦးနှင့် တွေ့ရန်ကို ခရေပွင့်ပြထားပြီး အောက်ခြေမှာ ဟဲမင်းဝေးအား လေ့လာချက်မှ စာသားလို့ ဖော်ပြတယ်။

(ဆိုလိုချင်တာက ကဗျာခေါင်းစဉ်များသာ မူလစာအုပ်များနဲ့ ပတ်သက်တာဖြစ်ပြီး ကဗျာအတွင်းသား context က သူ့ ဉာဏ်ကွန့်မြူးမှုနဲ့ ကဗျာကို ပိုင်စိုးသူ မြူဆ နတ်သမီးရဲ့ တန်ခိုးတော်အတိုင်းသာ ဖြစ်ပါတယ်)

■

mgyoe.com

mgyoe.com
SAMPLE BOOK


**တစ်သီးပုဂ္ဂလဖြစ်ခြင်း**

တက္ကသိုလ်စာပေးစာယူ စတုတ္ထနှစ် သင်ရိုးညွှန်းတမ်းတွေထဲက ကွန်တင်ပိုရာရီ ဖီလော်ဆော်ဖီ ပို့ချချက်စာအုပ်ကို ကျွန်တော့်လက်ထဲမှာ တွေ့တယ်။ ခေတ်ပြိုင်ဆိုတော့ ဘယ်သူနောက်ဆုံးလဲလို့ မေးတယ်။ အိတ်ဇစ်စတင်ရှယ်လစ် ယန်းပေါ်ဆတ်လို့ ဖြေလိုက်တော့ 'အိတ်ဇစ်ကို ကဲကီးဂတ်က စတာမဟုတ်လား' လို့ ပြန်မေးတယ်။

အဲဒီစာအုပ် သူ ငှားသွားတယ်။ စာပေအနုပညာ လှုပ်ရှားမှုတွေ၊ ဝါဒတွေကို သူ ဖတ်ခဲ့တယ်၊ မှတ်ခဲ့တယ်။ အတွေးအခေါ်၊ နိုင်ငံရေး အယူအဆများနဲ့ အနုပဋိလောမကို သူ လေ့လာခဲ့တယ်။ စာပေသမားတစ်ယောက် ဖတ်သင့်ဖတ်ထိုက်

mgyoe.com

mgyoe.com
SAMPLE BOOK


သမျှ သူ ရှာဖွေ ဆွဲငင် ဖတ်ရှုခဲ့တာပဲဆိုတာ သက်သေပြနေလေရဲ့။

သူ စာအုပ်ဖတ်ပြီး ပြန်ပေးတဲ့အခါ ကျွန်တော်က 'ကိုအောင်ချိမ့်ရဲ့ ကဗျာတချို့က စာကြောင်းတွေမှာ ဖြစ်တည်မှုပဓာနသဘောတွေ အရိပ်အငွေ့ တွေ့ရသလို အင်ဒီဗီဂျူယယ်လစ်စတစ် ဖြစ်တာတွေ တွေ့ရတယ်။ ဘယ်စာကြောင်းတွေလို့တော့ ပြောမပြနိုင်တော့ဘူး။ အဲဒီလို ခံစား သိမြင်ရတာတွေရှိတယ်'လို့ ပြောလိုက်ပါတယ်။

သူက သဘောတူကြောင်း၊ ငြင်းဆန်ကြောင်း ဘာတစ်ခွန်းမှ မပြောဘဲ နှုတ်ဆိတ်နေခဲ့တယ်။

■

mgyoe.com

mgyoe.com


**ရှိသေးလေးစားကြသူများ**

ကိုအောင်ချိမ့် စားပွဲကို ရောက်လာကြသူများထဲမှာ ပြည်မြို့က ကိုသန်းဦးလည်း ပါဝင်တယ်။ ကိုခင်ဝမ်းရဲ့တီးဝိုင်း Teeth နဲ့ Rainbow Bridge မှာ ဒရမ်တီးခတ်ခဲ့သူ။ ဂစ်တာလည်း ကောင်းကောင်း တီးနိုင်တယ်။ ပြည်မြို့က ရုပ်ရှင်ရုံပိုင်ရှင်တစ်ဦးရဲ့သား။ လက်တစ်ဖက် ကျိုးဖူးပြီး ဆေးပြန်စည်းရာမှာ ချွတ်ယွင်းခဲ့လို့ လက်က နည်းနည်း ကောက်နေတယ်။ သူ့နောက်မှာ တစ်ယောက်ယောက် ရှိနေတယ်။ အနုပညာအရ၊ စိတ်ဓာတ်ရေးရာအရ၊ သိမှုဗေဒအရ တစ်စုံတစ်ရာ ဩဇာလွှမ်းမိုးနေသူ ရှိတယ်။ ကိုမုတ်သုံနဲ့ သူ စကားပြောရင် ဂျပန်မက ... ဂျပန်မက ... နဲ့ ထည့်ထည့်ပြောတတ်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုဝေချစ်ကိုနဲ့ တစ်မြို့တည်းသား ကိုဖိုးချိုလည်း ကိုမုတ်သုံတို့၊ ကိုသိန်းသိန်းတို့နဲ့ ပါပါလာတယ်။ ကိုဖိုးချိုတို့ ညီအစ်ကိုတွေက ရွှေတိဂုံဘုရား အရှေ့ဘက် စောင်းတန်း အပေါ်ဆုံးနားက ဆိုင်ခန်းမှာ ရေးဟောင်းပစ္စည်းနဲ့ ကြေးထည်တွေ ခင်းကျင်း ရောင်းချကြတယ်။ သူကတစ်ဆင့် သူ့ညီ ကိုကျော်တင့်၊ သူ့သူငယ်ချင်း ကိုသစ်မြားတို့ကိုပါ သိရတယ်။ ကိုဝေချစ်ကိုရဲ့ညီ ကိုအောင်ဇေယျ ခေါ် ချိုတူးလည်း မန္တလေး ဂီတတီအိုင်က အောင်ပြီး စက်မှုတက္ကသိုလ် ဝင်ခွင့်ရလို့ ရန်ကုန်ရောက်လာတယ်။ အာရ်အိုင်တီမှာ အဆောင်နေခွင့် ရတယ်။ ညနေဆို သူတို့ မြို့ထဲ ရောက်လာကြပြီး ဝါဇီရှေ့ ခရေပင်အောက်မှာ လူစုကြကာ မြေနီကုန်း၊ ၄၂ လမ်းနဲ့ ၅၅ လမ်းက အရက်ဖြူဆိုင်တွေမှာ ဝိုင်းဖွဲ့ အရက်သောက်ကြတယ်။

ကိုအောင်ချိမ့်က အရက်မသောက်ပါ။ တစ်ခါတလေ ၅၅ လမ်းဆိုင် လိုက်ထိုင်တတ်တယ်။ အထူးသဖြင့် ပျဉ်းမနားက ကဗျာဆရာ ကိုသင်းခိုင် ရန်ကုန် ဆင်းလာပြီး သူ့အဖွဲ့တွေနဲ့ အရက်ဆိုင် ထိုင်ဖြစ်မယ့်သတင်းရရင် လိုက်လာတတ်တာပါ။ ကိုသင်းခိုင်နဲ့ စကားစမြည်ပြောဖို့နဲ့ အခြားကိစ္စလည်း ရှိမယ်။

အရက်ဖြူဆိုင်ဘေးမှာ ထင်းရှူးပုံးကလေးတွေနဲ့ ချရောင်းတဲ့ အမြည်းဆိုင်လေးတွေမှာပါ။ မီးပျက်ရင်လည်း ဖယောင်းတိုင်လေးတွေ ထွန်းလို့။ သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ရွှင်စရာကောင်းတဲ့ နေ့ရက်များပါပဲ။

အခု ရေးပြတဲ့ လူငယ်နာမည်များက ကိုအောင်ချိမ့်ကို

mgyoe.com